စိတ်ကူးချိုချိုအနုပညာ



# တရုပ်နိုင်ငံကို သွေးချွေးရင်း၍ အရက်စက်ဆုံးတည်ဆောက်ပေးခဲ့သူ ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး

# မော်စီတုန်း

ရင်မျိုး - မြန်မာပြန်

mgyoe.com

mgyoe.com



# တရုပ်နိုင်ငံကို သွေးချွေးရင်း၍
# အရက်စက်ဆုံးတည်ဆောက်ပေးခဲ့သူ
# ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး
# မော်စီတုန်း

ဇင်မျိုး-မြန်မာပြန်

mgyoe.com

ZM0001
900.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းညို၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ ၁၁၇/၈၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို၊
၂၀၁၃၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

၈၀၈.၈၁

ကွန်မြူနစ်ပါတီဥက္ကဌကြီးမော်စီတုန်း
လေရတု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၁၁၃၊ မျက်နှာ၊ ၁၂.၅ စင်တီ x ၁၈.၅ စင်တီ
(၁) ကွန်မြူနစ်ပါတီဥက္ကဌကြီးမော်စီတုန်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တရုပ်နိုင်ငံကို သွေးချွေးရင်း၍
# အရက်စက်ဆုံးတည်ဆောက်ပေးခဲ့သူ
# ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး
# မော်စီတုန်း

ဇင်မျိုး

မြန်မာပြန်

mgyoe.com

mgyoe.com

# Communists

LI DAZHAO
AND CHEN DUXIU
founders of Chinese Communist Party

LIU SHAOQI
Chinese president; purged during
Cultural Revolution

PENG DEHUAI
PLA general and
minister of defense

LIN BIAO
minister of defense; compiled
*Quotations from Chairman
Mao Zedong*

ZHOU ENLAI
one of the founders of the Chinese
Communist Party; premier of the
PRC from 1949–1976

DENG XIAOPING
leader of the Communist Party
after Mao

mgyoe.com

mgyoe.com

# မာတိကာ

– မိတ်ဆက် .... ၁

အပိုင်း – ၁ အာဏာရရန် သွေးလွှမ်းသော ချီတက်မှု

အခန်း (၁) ကျောက်တုံးနားက ကောင်ကလေး .... ၆
အခန်း (၂) နေ့သစ် .... ၁၂
အခန်း (၃) တော်လှန်ရေးမျိုးစေ့များ .... ၁၅
အခန်း (၄) ညစာစားပွဲမဟုတ် .... ၂၀
အခန်း (၅) မြေအောက်တော်လှန်ရေး .... ၂၅
အခန်း (၆) ကျန်ဇီက အကြောက်တရား .... ၃၀
အခန်း (၇) ခရီးရှည်ချီတက်ပွဲ .... ၃၅
အခန်း (၈) ဆုလာဘ်ကိုမျက်စိကျ .... ၄၀
အခန်း (၉) ပွဲသိမ်းတိုက်ပွဲ .... ၄၅

mgyoe.com

mgyoe.com

## အပိုင်း –၂ တရုတ်နီ


အခန်း(၁၀) အပှောင်းကို ဖြိုဖျက် .... ၆၀

အခန်း(၁၁) အသစ်ကို ဖန်တီးခြင်း .... ၆၇

အခန်း(၁၂) နှင်းချေခံရသောပန်းများ .... ၇၄

အခန်း(၁၃) သတိလက်လွတ် .... ၈၀

အခန်း(၁၄) အနီရောင်တပ် .... ၈၆

အခန်း(၁၅) ယဉ်ကျေးမှုတော်လှန်ရေး .... ၉၅

အခန်း(၁၆) တစ်စစီ .... ၁၀၁

နိဂုံး .... ၁၀၇


❐

mgyoe.com

mgyoe.com

'ဒီနေ့ သူက ချိုသာတဲ့စကားလုံးတွေကို သုံးတယ်။
သူသဘောကျသူတွေကို ပျားရည်လို ချိုတဲ့စကားတွေ
ပြောတယ်။ မနက်ဖြန်ဆိုရင် လုပ်ကြံဖန်တီးထားတဲ့
အမှုနဲ့ အဲဒီလူတွေကို သတ်ပစ်ရော'

မော်၏ ကာကွယ်ရေးဝန်ကြီးနှင့် မိတ်ဆွေဟောင်း
လင်ပေါင်၏သား လင်လီဂူး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မိတ်ဆက်

## ၁၉၅၉ နွေဦး၊ ဟူနန်ပြည်နယ်၊ တရုတ်

၁၉၅၈ခုနှစ် နွေတွင် တရုတ်ပြည်၏ ဩဇာအရှိဆုံးလူသားက အနာဂတ်သည် တောက်ပစရာပင်မရှိတော့ဟု အခိုင်အမာ ပြောဆိုလိုက်သည်။

အာဏာရ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းက တရုတ်သည် မကြာခင် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ ဖြစ်လာတော့မည်ဟု ဆိုပါသည်။ ကျေးလက်တွင် တောင်သူလယ်သမားများသည် အစားအစာထုတ်လုပ်မှုကို အလွန်ပင် တိုးမြှင့်လိုက်ပြီဟု ဆိုသည်။ မြို့ကြီးများတွင် ဆောက်လုပ်ရေးသမားများက စက်ရုံသစ် ၁၀၀ ကို တည်ဆောက်နေသည်ဟု ဆိုသည်။

မော်ပြောသော တရုတ်ပြည်သည် အလွန်ပင်ဆင်းရဲသော လယ်သမားတိုင်းပြည်အဖြစ်မှသည် ၁၅ နှစ်အတွင်း ကမ္ဘာ့ထိပ်တန်း စက်မှုအင်အားကြီးနိုင်ငံ ဖြစ်မည်ဟု ဆိုသည်။

မော်၏ ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သူ ပင်ဒေဟွိုင်းကမူ မော်စီတုန်း၏စကားမှာ တရားလွန်စကားသာဖြစ်၍ ဖြစ်နိုင်ဖွယ်မရှိဟု ပြောသည်။ စက်မှုနိုင်ငံထူထောင်မည့် တရုတ်တွင် စက်မှုလုပ်ငန်း မရှိသလောက်ပင် ဖြစ်သည်။ တရုတ်၏ လယ်သမား သန်း ၅၅၀ မှာ ကိုယ့်ကိုယ်ကိုယ် စားရေရိက္ခာဖူလုံအောင်ပင် စိုက်ပျိုးနိုင်ခြင်း မရှိပေ။ ကြီးမား

mgyoe.com

mgyoe.com



သော အပြောင်းအလဲများသည် မည်သို့ လျင်မြန်စွာ ဖြစ်နိုင်ပါမည်နည်း။

ပင်သည် ဟူနန်နယ်တွင်ရှိသော သူ့ဇာတိမြို့ကို သွားရောက်လည်ပတ်ရန် ဆုံးဖြတ်လိုက်ပြီး ကျေးလက်တွင် ဖြစ်ပျက်နေသမျှကို ကိုယ်တိုင်သွားကြည့်မည်ဖြစ်သည်။ သူတွေ့မြင်ခဲ့တာသည် စိတ်ပျက်ဖွယ် တရုတ်၏ အနာဂတ်ပင်တည်း။

ဟူနန်တွင် လူထောင်ပေါင်းများစွာသည် အငတ်ဘေးဆိုက်အံ့ဆဲဆဲ ဖြစ်နေကြသည်။ လယ်သမားများသည် ဘုံအဖွဲ့များဟုခေါ်သည့် ကြီးမားသော နိုင်ငံပိုင်လုပ်ငန်းကြီးများထဲသို့ တွန်းပို့ခံနေကြရသည်။ ဘုံအဖွဲ့ပိုင်လုပ်ငန်းများသည် ပုဂ္ဂလိကလုပ်ငန်းများထက် အစားအသောက်ကို ပိုမိုဖူလုံစွာ ထုတ်လုပ်ပေးနိုင်သည်ဟု မော်က ခိုင်ခိုင်မာမာ ပြောသည်။ သို့ရာတွင် အစိုးရက ရိတ်သိမ်းသမျှဝေစုထဲက အများစုကို ရယူသွားသဖြင့် လယ်သမားများမှာ စားရုံ နည်းနည်းမျှသာ ရကြပါသည်။


အစိုးရပိုင် ဘုံအဖွဲ့အများစုသည် လယ်လုပ်ရန် လိုအပ်သော စက်ကိရိယာများ မရှိပါ။ လယ်လုပ်ငန်းအပြင် လယ်သမားများသည် တရုတ်ပြည်၏ စက်မှုလုပ်ငန်းသစ်များအတွက် စတီးများထုတ်ပေးမည့် သတ္တုကျိုမီးဖိုငယ်များကိုပါ တည်ဆောက်ပေးကြရလေသည်။ ထွန်ခြစ်များ၊ ပေါက်ပြားများနှင့် အခြားလယ်ယာသုံးပစ္စည်းများကို စတီးအဖြစ် ကျိုပစ်ပါသည်။

ဘုံအဖွဲ့တွင် ပါဝင်သူများမှာ ပင်တစ်ယောက် ကလေးဘဝကတည်းက သိသူ အတော်များများ ပါဝင်သည်။ သူတို့သည် ဆိုးဆိုးရွားရွား နေထိုင်ကြရလေသည်။ သူတို့သည် အနွေးဓာတ်မပေးနိုင်သည့် စောင်ပါးပါးလေးများဖြင့် ဝါးဖျာများပေါ်တွင် အိပ်စက်ကြရသည်။ သူတို့တွင် ဟင်းချက်ဆီမရှိပါ။ ဟင်းသီးဟင်းရွက်ဝေစု နည်းနည်းနှင့် ဆန်တချို့ကို စားသုံး၍ ရှင်သန်နေကြရခြင်းဖြစ်ပါသည်။

အားနည်းလွန်းသော အလုပ်ခွင်တွင် လုပ်ကိုင်ကြရသည့်တိုင် လယ်

mgyoe.com

mgyoe.com

၁၉၅၆ ခုနှစ် အတွင်းက အများပိုင်လယ်ယာများမှာ ဆည်ရေပေးဆေရေးလုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်နေရတဲ့ တရုတ်အမျိုးသမီးငယ် ၃ ဦး။

သမားများမှာ ပစ်လဲကျသွားသည်အထိ အလုပ်လုပ်နေကြရသည်။

'ခွဲတမ်းပြည့် မလုပ်နိုင်ရင် မညှာမတာ အရိုက်ခံရတယ်။ အလုပ်သွားတာ နောက်ကျရင်လည်း အရိုက်ခံရတယ်။ (ပါတီလုပ်သားတွေ) မကြိုက်တဲ့စကားကို ပြောမိရင်လည်း အရိုက်ခံရတယ်' ဟု ပင်က ရေးခဲ့သည်။

ထိတ်လန့်တုန်လှုပ်နေသော ပင်သည် သူယူလာသည့် ငွေတစ်ဝက်ကို သူ့ဒေသက ဘုံအဖွဲ့ရှိ သူငယ်တန်ကျောင်းကို ပေးခဲ့သည်။ ကျန်သောတစ်ဝက်ကို သက်ကြီးလုပ်သားများအား ပေးခဲ့လေသည်။ ထို့နောက်သူသည် တရုတ်ပြည်သူများကို ဖိအားတချို့ သက်ရောက်စေသည့် ထုတ်လုပ်ရေးရည်မှန်းချက်များကို လျှော့ချရန်တိုက်တွန်းသည့် ကြေးနန်းအား

mgyoe.com

mgyoe.com


မော်ထံသို့ ပေးပို့လိုက်သည်။

သို့ရာတွင် ပင်ဒေဟွိုင်း၏စကားကို မော်က နားထောင်ချင်ပုံ မရပေ။ 'လူတွေသေတာ အကျိုးကျေးဇူးတောင် များသေးတယ်' ဟု အစော ပိုင်းကာလများတွင် သူက ပါတီခေါင်းဆောင်များကို ပြောခဲ့သည်။ 'လူသေတွေက မြေကြီးကို မြေဩဇာကောင်းစေပါတယ်ဗျာ' ဟု မော်က ဆိုလေသည်။

မော်ပြောသော စီးပွားရေးအခန်းပွင့်မှုသည် မော်ကိုယ်တိုင်ကလွဲ၍ အခြားသူများ သိထားသည်ထက်တောင် လူအသေအပျောက် ပိုမိုများပြား စေခဲ့ပါသည်။ အမှန်မှာ သမိုင်းတွင် အဖျက်စွမ်းအားအပြင်းထန်ဆုံး ငတ် မွတ်ခေါင်းပါးမှုသည် အစပြုနေပြီဖြစ်ပါသည်။ အငတ်ဘေးကြီး မပြီးဆုံး သေးခင်မှာပင် အနည်းဆုံး တရုတ်လူမျိုး ၂၅ သန်းသည် အစာငတ်၍ သေကြရပါလိမ့်မည်။

ဝမ်းနည်းကြေကွဲဖွယ်ကောင်းသည်မှာ ထိုအငတ်ဘေးသည် မော် ထားခဲ့သော အမွေအနှစ်တစ်ခုမျှသာ ဖြစ်နေခြင်းဖြစ်ပါသည်။ မကွယ်လွန် ခင် မော်သည် သန်းရာချီသော ပြည်သူ့အိုးအိမ်များကိုလည်းကောင်း၊ ထို ပြည်သူတို့၏ သမိုင်းကိုလည်းကောင်း၊ ထိုပြည်သူတို့၏ လူသားဆန်မှုကို လည်းကောင်း ဓားပြတိုက်ယူပါလိမ့်မည်။

*

mgyoe.com

mgyoe.com

# အပိုင်း (၁)

## အာဏာရရန် သွေးလွှမ်းသော ချီတက်မှု

mgyoe.com

mgyoe.com

# အခန်း (၁)
## ကျောက်တုံးနားက ကောင်ကလေး

၁၈၉၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့တွင် မော်ရန်ရှင်းဟုခေါ်သော တရုတ်လယ်သမားနှင့် ဝန်ကျိမေဟုခေါ်သော သူ့ဇနီးတို့က ကောင်ကလေးတစ်ယောက်ကို မွေးဖွားသည်။ မော်မိသားစုသည် ဟူနန်ပြည်က ဝေးလံသော လယ်သမားနယ်ဖြစ်သည့် ရှောင်ရှန်းတွင် နေထိုင်သည်။ သူတို့သည် အသီးအနှံဖြစ်ထွန်းသော စိုက်ပျိုးမြေနှစ်ဧကကို ပိုင်ဆိုင်ထားရာ သူတို့သည် သူတို့၏ အိမ်နီးချင်းများထက် ပိုမိုချမ်းသာကြွယ်ဝသည်။

အစပိုင်းတွင် ကျန်းမာရေးဒေါင်ဒေါင်မြည်သော သူတို့၏သားကို သတိပြုမိကြ၏။ သူ့အစ်ကိုနှစ်ယောက်မှာ မွေးကင်းစအရွယ်တွင် ဆုံးသွားကြသည်။ ကျိမေကမူ သူ၏ တတိယသားမှာ အသက်ရှင်မည်ဟု ယုံကြည်သည်။ အကြောင်းမှာ ထိုတတိယသားကို မှော်အစွမ်းရှိသည်ဟု ဆိုကြသော အိမ်နားက ကျောက်တုံးဆီသို့ သူက ခေါ်သွားသောကြောင့် ဖြစ်ပါသည်။ ကျိမေက သူ့သားကို ဇီဒေါင်ဟု နာမည်ပေးလိုက်သော်လည်း ထိုသားကို ရှီဆန်ရာဇီဟု ချစ်စနိုးခေါ်သည်။ ရှီဆန်ရာဇီဆိုသည်မှာ ကျောက်တုံးလူကလေးဟု အဓိပ္ပာယ်ရသည်။

mgyoe.com

mgyoe.com


မော်ကြီးပြင်းလာသည့်အခါ ထိုချစ်စနိုးနာမည်ထဲကအတိုင်း သူ့ပုံစံလေး ဖြစ်လာသည်။ သူသည် တုတ်တုတ်ခိုင်ခိုင်ရှိသည်။ ဆုံးဖြတ်ချက်ပြတ်သားသည်။ ခေါင်းမာသည်။ မိခင်ကို ချစ်သော်လည်း မညှာမတာခိုင်းတတ်သော အဖေကိုမူ မကျေမချမ်းဖြစ်တတ်သည်။ ရန်ရှန်းမှာ ရည်မှန်းချက်ကြီးမားပြီး အလုပ်ကြိုးစားသော စစ်သားဟောင်းဖြစ်ရာ သူ့သားကိုလည်းသူ့လိုပင် အလုပ်ကြိုးစားစေလိုပေသည်။

မော် အသက်ရှစ်နှစ်ပြည့်သည့်အခါ မော်၏အဖေက မော်အားကျောင်းထားရန် အင်တင်တင် သဘောတူလိုက်သည်။ ပညာတတ်လျှင် မိသားစုလယ်လုပ်ငန်းကို စီမံခိုင်းမည်ဟု ရန်ရှန်းက မျှော်လင့်သည်။ သို့ရာတွင် မော်သည် စာဖတ်ခြင်း၊ အတွေးအခေါ်များကို ငြင်းခုံခြင်း၊ ကဗျာဖွဲ့ခြင်းတို့ကိုသာ ပိုမိုသဘောတွေ့နေလေသည်။ ညနေဘက် အိမ်အလုပ်လေးများပြီးလျှင် သူသည် ဝတ္ထုကြီးများကို အိပ်ရာထဲတွင် နာရီပေါင်းများစွာကြာအောင် ဖတ်ရှုနေတတ်ရာ မီးအိမ်အလင်းရောင်ကို ဖခင်မမြင်ရအောင် စက္ကူဖြင့် ကွယ်ထားခဲ့ရလေသည်။


မော်သည် ကျောင်းတွင် စာတော်သည်။ လူကြီးများကို ရန်စလေ့မရှိပေ။ သူ့ဆရာများကမူ သူသည် ရိုင်းစိုင်း၍ အငြင်းသန်သူဖြစ်ကြောင်းသိလာသည်။ အသက် ဆယ့်လေးနှစ်ပင် မပြည့်ခင်မှာပင် အနည်းဆုံးစာသင်ကျောင်းသုံးကျောင်းကနေ နှင်ထုတ်ခြင်းခံခဲ့ရပါသည်။

နောက်ဆုံးတွင် စိတ်တိုနေသောဖခင်က မော်အား ကျောင်းသားရက်များ ကုန်ဆုံးပြီဟု ပြောဆိုလေတော့သည်။ ရန်ရှန်းသည် မော်ကို အိမ်နားက လယ်သမားမိသားစုမှ လူရီဖူဆိုသော မိန်းကလေးနှင့် အိမ်ထောင်ချပေးရန် စီစဉ်တော့သည်။ မော်သည် လူရီဖူနှင့် မိသားစုဘဝကို ထူထောင်၍ လယ်သမားအဖြစ်နေထိုင်ရန် မျှော်လင့်ခဲ့သည်။

သို့ရာတွင် ခေါင်းမာသောကောင်လေးသည် သူ့ဖခင်ခြေရာကို နင်းမည့် အတွေးအတိုင်း မလိုက်ရန် ဆုံးဖြတ်လိုက်လေသည်။ တရုတ်

mgyoe.com

mgyoe.com

**အသက် ၂၀ အရွယ် မော်စီတုန်း (ညာအစွန်)ကို မိဘများနဲ့အတူ ရှောင်ရှန်းအိမ်မှာတွေ့ရပုံ**

သည် လျင်မြန်စွာ ပြောင်းလဲနေသည်။ မော်သည် အပြောင်းအလဲမြန်နေသော တရုတ်ပြည်ကြီး၏ အစိတ်အပိုင်း ဖြစ်ချင်နေသည်။ အိမ်ထောင်သက် တစ်နှစ်ခန့်တွင် ဇနီးသည် ကွယ်လွန်လေရာ သူသည် ခေတ်မီပညာသင်ရန် ဆုံးဖြတ်၍ လယ်တောကို စွန့်ခွာခဲ့တော့သည်။

အသက် ၁၆ နှစ်အရွယ်တွင် ကျောက်တုံးလူကလေးသည် သူ့ကံကြမ္မာကို သူဖန်တီးတော့မည်ဖြစ်ပါသည်။

*

mgyoe.com

mgyoe.com


## ပြိုကွဲနေသော အင်ပါယာ

တရုတ်၏ ဧကရာဇ်များသည် ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံး လူ့အဖွဲ့အစည်းထဲက တစ်ခုကို အုပ်စိုးလာခဲ့သည်မှာ နှစ်ပေါင်းလေးထောင်ရှိပြီ ဖြစ်ပါသည်။ တရုတ်လူမျိုးများသည် ယမ်းမှုန့်၊ စက္ကူ၊ သံလိုက်အိမ်မြှောင်တို့ကို တီထွင်ခဲ့ကြသည်။ သူတို့သည် လှပသော ကြွေထည်များ၊ ကျောက်စိမ်းရုပ်တုများ၊ ပန်းချီကားများကို ဖန်တီးခဲ့ကြသည်။

ကြီးကျယ်သော တရုတ်လူ့အဖွဲ့အစည်းက ထုတ်လုပ်သော ဇိမ်ခံပစ္စည်းများကို ဥရောပတိုက်သားများက ငမ်းငမ်းတက် လိုချင်ကြသည်။ ၁၇၀၀ ပြည့်နှစ် ကာလများတွင် စပိန်၊ ဗြိတိသျှနှင့် ဒတ်ချ်ကုန်သည်များက ငွေထည်များကို တရုတ်သို့ ယူဆောင်လာကြပြီး ၎င်းတို့ကို ပိုးထည်၊ အကောင်းစား ကြွေထည်၊ လက်ဖက်ခြောက်တို့နှင့် လဲလှယ်ကြသည်။ တရုတ်ဧကရာဇ်များသည် ဝင်ငွေရသည်ကို ကြိုဆိုကြသော်လည်း သူတို့သည် တိုင်းခြားလွှမ်းမိုးမှုများကို သံသယရှိကြသည်။ နိုင်ငံခြားကုန်သည်များ ဆိပ်ကမ်းမြို့တစ်မြို့တည်းသို့လာရန် ကန့်သတ်ဖို့ ကြိုးစားလာသည်။

## အနောက်သို့ ကြည့်ခြင်း

၁၈၀၀ ပြည့်နှစ်များတွင် အနောက်ကမ္ဘာသည် တရုတ်များကို နည်းပညာ အသာရလာသည်။ ဥရောပတိုက်သားများနှင့် အမေရိကန်များက ရေနွေးငွေ့အင်ဂျင်များကို တီထွင်နိုင်ခဲ့ကြပြီး ခေတ်မီလက်နက်များကို တည်ဆောက်နိုင်လာသည်။ ဖိနပ်နှင့် အဝတ်အထည်များကို အလုံးအရင်း ထုတ်လုပ်နိုင်လာသည်။

၁၈၀၀ ပြည့်နှစ် အလယ်ကာလလောက်တွင် အနောက်အင်အားကြီးနိုင်ငံများက လက်နက်ကောင်းတပ်ဆင်ထားသော စစ်သားများဖြင့် တရုတ်

mgyoe.com

mgyoe.com


သို့ ပြန်လာကြပြီး အနောက်ကကုန်သည်များအတွက် ဆိပ်ကမ်းများ ဖွင့်ပေးရန် တရုတ်ကို တွန်းအားပေးခဲ့သည်။ ကုန်သည်များသည် တရုတ်တို့ထံမှ ဇိမ်ခံပစ္စည်းများကို ဝယ်ယူကြပြီး အပြန်အလှန်အားဖြင့် သူတို့က တရုတ်များအား ဘိန်းများ ပြန်ရောင်းကြသည်။

တရုတ်ကို အုပ်စိုးခဲ့သော မိသားစုဖြစ်သည့် ချင်မင်းဆက်သည် ဥရောပနိုင်ငံများနှင့် ဖြစ်ပွားသော စစ်ပွဲတွင်နှစ်ကြိမ်၊ ဂျပန်နှင့်ဖြစ်သော စစ်ပွဲတွင်တစ်ကြိမ် အသီးသီး စစ်ရှုံးခဲ့လေသည်။ တရုတ်ပြည်သူများသည် သူတို့၏ အစိုးရကို အယုံအကြည်မရှိတော့၍ ပုန်ကန်ကြလေတော့သည်။ သွေးလွှမ်းသော ပြည်တွင်းစစ်ပွဲများတွင် လူသန်းချီ အသတ်ခံခဲ့ရသည်။ လူသန်းပေါင်းများစွာသည် ဘိန်းခန်းများတွင် ဘိန်းစားများအဖြစ် သူတို့၏ ဘဝများကို ဖြုန်းတီးပစ်ခဲ့ကြသည်။

ချင်ဧကရာဇ်များသည် ခေတ်မီစက်မှုလုပ်ငန်းနှင့် စာသင်ကျောင်းများထူထောင်ရန် အားထုတ်မှုတချို့ လုပ်ခဲ့သည်။ သို့ရာတွင် မော် အိမ်က ထွက်လာချိန်လောက်တွင် တရုတ်လူငယ်များက ပြောင်းလဲမှုနှုန်းကို စိတ်မရှည်ကြတော့ပေ။ တရုတ်ကို ဗရုတ်ဗရက်အနေအထားကနေ ဆွဲထုတ်ရန်

**အနောက်တိုင်းကုန်သည်များ ရောင်းချတဲ့ဘိန်းကြောင့် တရုတ်လူမျိုး သန်းပေါင်းများစွာ ဘိန်းစွဲခဲ့ကြရပုံ။**



mgyoe.com

mgyoe.com


နည်းလမ်းတစ်ခုတည်းရှိသည်ဟု သူတို့က ဆုံးဖြတ်ခဲ့ကြသည်။ သူတို့သည် အနောက်တိုင်းနည်းများအတိုင်း သူတို့ကိုယ်သူတို့ ပညာသင်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ တရုတ်တို့ ခေတ်မီအတွေးအခေါ်များနှင့် ခေတ်မီနည်းပညာယူလာရန် လိုအပ်နေပေပြီ။

ထို့ထက်ပိုမိုအရေးကြီးသည်မှာ တရုတ်နိုင်ငံသည် ခေတ်မီ၍ ဒီမိုကရက်တစ် ဆန်သော အစိုးရကို လိုအပ်နေခြင်းပင် တည်း။ ခေတ်မီအစိုးရ ဖြစ်လာရန် လူထု သည် သူတို့၏ဧကရာဇ်ကို နန်းချပစ်ရပေလိမ့်မည်။

*

mgyoe.com

mgyoe.com

# အခန်း (၂)
## နေ့သစ်

၁၉၁၁ တွင် မော်သည် ဟူနန်ပြည်နယ် မြို့တော် ချန်ရှားသို့ မျက်လုံးအပြူးသားနှင့် ရောက်ရှိလာသည်။ သူသည် စာကြည့်တိုက်ရှိသော



၁၉၁၂ ခုနှစ်က တရုတ်လူမျိုးတစ်ဦးရဲ့ကျစ်ဆံမြီးကို စစ်သားတစ်ဦးမှ ဖြတ်တောက်နေစဉ်၊ ချင်အင်ပါယာမှာ ကျစ်ဆံမြီးဟာ သစ္စာရှိမှု သင်္ကေတအဖြစ် ယုံကြည်ချိန်ကဖြစ်။

mgyoe.com

mgyoe.com




အသက် ၂ နှစ်အရွယ် မော်စီတုန်းကို (ဖခင်ဘေးမှ ထိုင်လျက်) တွေ့ရပုံ။

ကျောင်းတစ်ကျောင်းတွင် စာရင်းသွင်းလိုက်သည်။ စာကြည့်တိုက်ကို သူသည် ပထမဦးဆုံး မြင်ဖူးခြင်းပင်တည်း။ သူသည် သတင်းစာများကို တွေ့သည်။ ခေတ်သစ်ကမ္ဘာအကြောင်း သတင်းများပါသော သတင်းစာများကို အငမ်းမရ ဖတ်သည်။

သီတင်းပတ်များအတွင်းမှာပင် သူသည် တရုတ်ကေရာဇ်အစိုးရကို ဖြုတ်ချရန် နှစ်ချီကြိုးစားနေသော တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်လာလေသည်။

တရုတ်တစ်နိုင်ငံလုံးတွင် တော်လှန်ရေးသမားများသည် လက်နက်များကို လျှို့ဝှက်စွာ စုဆောင်းနေကြပြီး ကေရာဇ်၏ တပ်ဖွဲ့မှ စစ်သားများကို စည်းရုံးနေကြပြီဖြစ်သည်။ တော်လှန်ရေးသမားများသည် တရုတ်အမျိုးသား ပါတီခေါင်းဆောင် ဆွန်ယက်ဆင်ထံမှ လှုံ့ဆော်အားပေးမှုကို ရရှိ

mgyoe.com

mgyoe.com


သည်။ ဆွန်ယက်ဆင်သည် ချင်မင်းဆက်ကို နန်းချလိုနေပြီး ၎င်းမင်းဆက်၏နေရာတွင် ပြည်သူက ရွေးကောက်သည့် ခေါင်းဆောင်များဖြင့် ဖွဲ့စည်းသော ခေတ်မီသမ္မတနိုင်ငံကို အစားထိုးလိုနေသည်။

မော်နှင့် မော်၏သူငယ်ချင်းများသည် ဆွန်၏မူဝါဒနှင့် စိတ်ဓာတ်ပြင်းထန်မှုကို လက်ခံကြလေသည်။ သူတို့သည် သူတို့၏ ကျစ်ဆံမြီးများကို ဖြတ်ပစ်ကြသည်။ ကျစ်ဆံမြီးပုံဆံပင်ကို ချင်ဘုရင်များက အတင်းအကျပ်ထားခိုင်းခြင်း ဖြစ်ပါသည်။ အခြားသော ကျောင်းသားများက ကျစ်ဆံမြီးဖြတ်ရန် ငြင်းဆန်သည့်အခါ မော်၏ဂိုဏ်းက လက်တွင် ကတ်ကြေးများကိုကိုင်၍ သူတို့ကို ချောင်းမြောင်းတိုက်ခိုက်ကြသည်။

၁၉၁၁ ခုနှစ် အောက်တိုဘာလထဲတွင် တော်လှန်ရေး ပေါ်ပေါက်သည်။ တော်လှန်ရေးတပ်များက ချင်ဧကရာဇ်ကို တော်လှန်ကြပြီး ဟူနန်အပါအဝင် ပြည်နယ်အများအပြားကို သိမ်းပိုက်ကြသည်။ နှစ်ကုန်ပိုင်းတွင် တော်လှန်ရေးတပ်သည် တရုတ်တောင်ပိုင်းတစ်ခုလုံးကို ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ပါသည်။

*

mgyoe.com

mgyoe.com

# အခန်း (၃)
# တော်လှန်ရေးမျိုးစေ့များ

တော်လှန်ရေးအပြီးတွင် မော်သည် ဆရာလုပ်ရန် ဆုံးဖြတ်လိုက်သည်။ အခန်းဈေးပေါ၍ ဘော်ဒါခသက်သာသော ချန်ရှားက ကောလိပ်တစ်ခုတွင် စာရင်းပေးသွင်းလိုက်သည်။ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာနှင့် ညီမျှသောငွေဖြင့် ရပ်တည်ခဲ့သည်။ ထိုဝင်ငွေတစ်ဝက်ကို သတင်းစာနှင့် မဂ္ဂဇင်းဝယ်ရာတွင် သုံးစွဲခဲ့သည်။

မော်စာပေလေ့လာနေခိုက် တရုတ်နိုင်ငံသည် ဝရုန်းသုန်းကား ဖြစ်နေလေသည်။ ဆွန်ယက်ဆင်နှင့် သူ၏မျိုးချစ်များသည် အာဏာကို လက်လွှတ်ခဲ့ရသည်။ အာဏာရှင် ယွမ်ရှီကိုင်းက နိုင်ငံတော်အာဏာကို လွှဲပြောင်းယူထားသော်လည်း သူသည် တိုင်းပြည်ကို စုစည်းမှုရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ဗဟိုအစိုးရသည် အာဏာကို စစ်ခေါင်းဆောင်တစ်ဦးမှတစ်ဦးထံသို့ လွှဲပြောင်းပေးနေသည်ကို တရုတ်လူထုက အာရုံမစိုက်နိုင်ဘဲရှိသည်။

တရုတ်၏ ပြည်နယ် ၂၂ ခုတွင် ဒေသတွင်း သြဇာကြီးသူများက သူတို့၏ ကိုယ်ပိုင်အစိုးရများကို ဖွဲ့စည်း၍ သူတို့၏ ကိုယ်ပိုင်စစ်တပ်များဖြင့် လူထုကို အကြမ်းဖက် ခြိမ်းခြောက်လျက်ရှိသည်။ ထိုစစ်အာဏာရှင်

mgyoe.com

mgyoe.com


များသည် သူတို့၏ အိမ်နီးချင်းပြည်နယ်များနှင့် အဖျက်စွမ်းအားကြီးသော စစ်ပွဲများနွှဲရာတွင် တောင်သူလယ်သမားများကို ကစားစရာ စစ်သားအရုပ်များကဲ့သို့ အသုံးချကြလေသည်။

ဘွဲ့ရချိန်တွင် မော်သည် ဘာလုပ်ရမှန်းမသိ ဖြစ်နေလေသည်။ 'အင်မတန် ခေါင်းရှုပ်စရာကောင်းပါတယ်' ဟု သူက ပါမောက္ခဟောင်းတစ်ဦးထံ စာရေးခဲ့လေသည်။


မော်သည် ပေကျင်းသို့ပြောင်းလာခဲ့ပြီး ပေကျင်းတက္ကသိုလ်တွင် လက်ထောက်စာကြည့်တိုက်မှူးအလုပ်ကို ရရှိခဲ့သည်။ သူသည် စာကြည့်တိုက်ညွှန်ကြားရေးမှူး လီဒါဇောင်းနှင့် ပါမောက္ခ ချန်ဒူဇီတို့စီစဉ်သော စာပေလေ့လာရေးအုပ်စုသို့ ဝင်ခဲ့၏။ ထိုအဖွဲ့တွင် သူသည် သူ့မေးခွန်း၏ အဖြေများကို ရှာဖွေခဲ့လေသည်။ ဂျာမန်တွေးခေါ်ရှင် ကားလ်မာ့ခ်၏ အတွေးအခေါ်များထဲတွင် သူလိုချင်သော အဖြေများကို ပြက်ပြက်ထင်ထင်တွေ့ခဲ့ခြင်း ဖြစ်ပါသည်။

လူ့အဖွဲ့အစည်းကို အရင်းရှင်များ၊ စက်မှုလုပ်သားများ၊ လယ်သမားများဟူ၍ အတန်းအစား ခွဲခြားထားကြောင်းမာ့ခ်က ဆိုပါသည်။ အရင်းရှင်များက စီးပွားရေးလုပ်ငန်းများ၊ စက်ရုံများနှင့် မြေယာများကို ပိုင်ဆိုင်ကြသည်။ သူတို့သည် လုပ်သားများနှင့် လယ်သမားများကို အလုပ်ပိုမို လုပ်ခိုင်းခြင်းဖြင့် ကြွယ်ဝလာကြပြီး အမြတ်ကိုလည်း ထိန်းထားကြပေသည်။

လယ်သမားလူတန်းစားမှာ မမျှတသည့် အနေအထားကို လက်ခံရမည်သာဖြစ်ကြောင်း မာ့ခ်က ဆိုပါသည်။ သို့ရာတွင် စက်မှုလုပ်သားများက အဆုံးတွင် ပုန်ကန်လိမ့်မည်ဟု သူက ဟောကိန်းထုတ်ခဲ့သည်။ သူတို့သည် အရင်းရှင်များထံမှ ပိုင်ဆိုင်ပစ္စည်းအားလုံးကို သိမ်းယူ၍ လုပ်သားများက ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်စက်ရုံ၊ ကိုယ်ပိုင်မြေပိုင်သော လူ့ဘောင်သစ်ကို ဖန်တီးမည်ဟု ဆိုသည်။ ဆုံးဖြတ်ချက်အားလုံးကို ဒီမိုကရေစီနည်းကျကျ ချမှတ်ရမည်ဖြစ်ပြီး ဓနကို လူထုက ညီမျှစွာ ခွဲဝေရမည်ဖြစ်သည်။

mgyoe.com

mgyoe.com

ဆင်းရဲချမ်းသာကွာဟမှုကို တိုက်ဖျက်ရေး မှန်ကန်တဲ့ အဖွဲ့အစည်းဖြစ်လာရန် ဦးဆောင်သူ ကားလ်မာ့ခ်။ သူ့ရဲ့ အတွေးစိတ်ကူးကြောင့် ရုရှား၊ တရုတ်နဲ့ နိုင်ငံတော်တော်များများ တော်လှန်ရေးများပြင်းထန်ခဲ့ကြတယ်။

မာ့ခ်က စနစ်သစ်ကို ကွန်မြူနစ်ဝါဒဟု ခေါ်သည်။

တရုတ်၏မြောက်ဘက်က အိမ်နီးချင်းရုရှားတွင် ဤကွန်မြူနစ်စနစ်ကို သုံးနေပြီဟု လီနှင့် ချန်က ဆိုသည်။ ၁၉၁၇ ခုနှစ်တွင် ရုရှားမြို့ကြီးများက အလုပ်သမားများသည် တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲပြီး သူတို့၏ ဧကရာဇ်ကို နန်းချပစ်ခဲ့ကြသည်။ သူတို့ကိုယ်သူတို့ ဘော်ရှီဗစ်များဟုခေါ်သော ရုရှားမာ့ခ်ဝါဒီများက ပုန်ကန်ထကြွမှုကို ထိန်းချုပ်နိုင်ခဲ့ပြီး ရုရှားကို ကွန်မြူနစ်နိုင်ငံဟု ကြေညာခဲ့သည်။ တပ်နီတော်၏ အကူအညီဖြင့် ဘော်ရှီဗစ်များသည် စက်ရုံများကို သိမ်းယူသည်။ မြေပိုင်ရှင်များထံမှ စိုက်ပျိုးမြေများကို သိမ်းသည်။ ရုရှားတော်လှန်ရေးသည် လယ်သမားများကို လယ်မြေများပေးခြင်းနှင့် အလုပ်သမားများ သူတို့ဘဝသူတို့ကျောင်းနိုင်အောင် လုပ်ပေးခြင်းသာ ဖြစ်သည်ဟု ဘော်ရှီဗစ်များက ဆိုသည်။

ဘော်ရှီဗစ်များထံမှ အကူအညီယူ၍ လီနှင့် ချန်သည် တရုတ်တွင် ကွန်မြူနစ်ပါတီကို ထူထောင်ရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့သည် ယူနန်တွင် ပါတီဌာနစိတ်ဖွင့်ရန် မော်ကို စည်းရုံးလိုက်ကြသည်။ မော်သည် ချန်ရှားသို့ ပြန်လာခဲ့သည်။ ချန်ရှားတွင် ကွန်မြူနစ်စာပေ အပြည့်ရှိ

mgyoe.com

mgyoe.com



သော စာအုပ်ဆိုင်ကို ဖွင့်လှစ်လေသည်။ ထို့နောက် သူသည် မိတ်ဆွေဟောင်းများကို စုစည်း၍ စနစ်ဟောင်းကို ဖြိုချရှင်းလင်းပစ်ရေးမှာ သူတို့၏ အလုပ်သာဖြစ်ကြောင်း ပြောလေသည်။

၁၉၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ကျရောက်သည့် လနှစ်၏ အားလပ်ရပ်တစ်ရက်တွင် မော်နှင့် သူငယ်ချင်း ၁၈ ဦးသည် စာအုပ်ဆိုင်တွင် စုရုံးကြသည်။ သူတို့သည် တရုတ်အစိုးရကို အကြမ်းနည်းသုံး၍ ဖြုတ်ချရန် ရည်ရွယ်ပြီး ကွန်မြူနစ်အုပ်စုဖြစ်လာရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။



ဆောင်းတွင်းကာလက ဘော်ရှီဗစ်များ နန်းရင်ပြင်သို့ ချီတက်လာစဉ်။ ၁၉၁၇ အောက်တိုဘာ ၁၇ ချီတက်မှုဟာ ဆိုဗီယက်ပြည်ထောင်စုကို ကမ္ဘာ့ပထမဆုံး ကွန်မြူနစ်နိုင်ငံဖြစ်စေခဲ့။

mgyoe.com

mgyoe.com


မော်သည် ရည်ရွယ်ချက်သစ်ကို တွေ့လေသည်။ လွန်ခဲ့သောနှစ်က သူ့မိဘနှစ်ပါး ကွယ်လွန်ခဲ့သည်။ သူက ကျောင်းအုပ်ဖြစ်လာခဲ့သည်။ ပါမောက္ခဟောင်းတစ်ဦး၏ သမီးဖြစ်သူ ယန်ကိုင်ဟွားကို သူလက်ထပ်ခဲ့သည်။

သို့ရာတွင် တော်လှန်ရေးသည်သာ သူ့အချစ်စစ် ဖြစ်လာလေသည်။

*

mgyoe.com

mgyoe.com

# အခန်း (၄)
# ညစာစားပွဲမဟုတ်

၁၉၂၃ လောက်တွင် မော်နှင့် သူ၏ ကွန်မြူနစ်အပေါင်းအသင်းများသည် လမ်းဆုံးသို့ ရောက်ရှိနေကြပြီဖြစ်သည်။ သူတို့တွင် အဖွဲ့ဝင် ၁၀၀၀ ထက်မနည်း ရှိနေပြီဖြစ်သည်။ အစိုးရကို ဖြုတ်ချရေးဆိုသော သူတို့၏ အခွင့်အလမ်းမှာ အိပ်မက်တစ်ခုထက် အနည်းငယ် သာလွန်လာပြီဖြစ်သည်။

ကွန်မြူနစ်များသည် အကူအညီ လိုအပ်လာသည်။ ၁၉၂၄ ခုနှစ်တွင် သူတို့သည် ဆွန်ယက်ဆင်ထံမှ အကူအညီကို ရယူသည်။ အာဏာစွန့်ခဲ့ပြီးချိန်မှစ၍ ဆွန်ယက်ဆင်သည် တရုတ်တောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်သော ဂွမ်ဒေါင်းတွင် အင်အားတည်ဆောက်လျက်ရှိသည်။ သူ၏ မျိုးချစ်ပါတီသည် အဖွဲ့ဝင်တစ်သောင်းရှိသည်။ ဆွန်ယက်ဆင်သည် အင်အားကြီးတပ်မတော်ကို တည်ဆောက်ရန် စီစဉ်နေပေသည်။

မျိုးချစ်များသည် တရုတ်ပြည်ကို အင်အားသုံး၍ ညီညွတ်အောင် လုပ်ရာတွင် သူတို့၏စစ်တပ်ကို အသုံးပြုရန် ရည်ရွယ်သည်။ မှန်ကန်သော အနေအထားတစ်ရပ် ဖြစ်ပေါ်လာသောအခါ သူတို့သည် မြောက်စူးစူးသို့

mgyoe.com

mgyoe.com



ချီတက်သွားကြတော့သည်။ ခရီးလမ်းတစ်လျှောက် သူတို့သည် စစ်အာဏာရှင်များကို အနိုင်ယူကာ ပြည်နယ်များကို ညီညွတ်စေခဲ့၏။ ပေကျင်းသို့ရောက်သည်နှင့် တစ်ပြိုင်တည်း သူတို့သည် အစိုးရကို လွှဲပြောင်းရယူမည်ဖြစ်သည်။ သူတို့က သူတို့၏ အစီအမံကို မြောက်ပိုင်းခရီးစဉ်ဟု ခေါ်ကြသည်။

မျိုးချစ်များနှင့် ကွန်မြူနစ်များသည် ပေါင်းစည်းလိုက်ကြသည်။ မော်သည် မဟာမိတ်သစ်အတွက် အလုပ်လုပ်ပေးသည်။ သူ့အလုပ်မှာ ခရီးစဉ်တစ်လျှောက် လယ်သမားများကို စုစည်းပေးမည့် ပါတီလုပ်သားများကို လေ့ကျင့်ပေးရေးပင် ဖြစ်ပါသည်။ ခရီးလမ်းတစ်လျှောက်ရှိ လယ်သမားများသည် ကျန်တရုတ်ပြည်၏ တောင်သူများကဲ့သို့ပင် အလွန်ဆိုးရွားစွာ နေထိုင်ကြရလေသည်။ တောင်သူတချို့သာ မြေပိုင်ရှိကြသည်။ တောင်သူများသည် လယ်ကွင်းများတွင် အလုပ်လုပ်ခွင့်ရရန် လယ်ပိုင်ရှင်များကို လယ်ငှားခ မြင့်မားစွာ ပေးကြရသည်။ မကြာခဏဆိုသလို သူတို့သည် သူတို့၏ မိသားစုများကို ကျွေးမွေးရန် အနည်းငယ်မျှသာ ကျန်ပါသည်။

မော်၏ စည်းရုံးရေးမှူးများက လယ်သမားတို့၏ ထောက်ခံမှုကို ရရန် ကြိုးစားကြသည်။ မျိုးချစ်များနှင့် ကွန်မြူနစ်များက တရုတ်ပြည်ကို ထိန်းချုပ်နိုင်လျှင် တောင်သူလယ်သမားများကို မြေပိုင်ရှင်များ၏ မတရားနှိပ်စက်ခြင်းမှ သက်သာရာရအောင် လုပ်ပေးမည်ဟု သူတို့က ကတိပေးသည်။

၁၉၂၆ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် မြောက်ပိုင်းခရီးစဉ်ကို ချီတက်နေဆဲ ဖြစ်ပါသည်။ မျိုးချစ်စစ်သည် ၇၅၀၀၀ ခန့်သည် ဂွမ်ဒေါင်းပြည်နယ် ပြင်ပသို့ ချီတက်သွားကြပြီး မြောက်ဘက် ပေကျင်းသို့ ထွက်ခွာသွားကြသည်။ သူတို့သည် ဟူနန်ကို တစ်လအတွင်း သိမ်းပိုက်နိုင်ခဲ့သည်။ နှစ်ကုန်လောက်တွင် နောက်ထပ် ပြည်နယ်ငါးခု ကျသွားပြန်သည်။

mgyoe.com

mgyoe.com




အေးခဲသော တောင်ကြားဒေသများမှာ လက်ဖက်စိုက်
အသက်မွေးခဲ့ရတဲ့ ဆင်းရဲသား တရုတ်လူမျိုးများ

၁၉၂၇ ဇန်နဝါရီလတွင် မြောက်ပိုင်းခရီးစဉ် အောင်မြင်မှုအပေါ် တောင်သူလယ်သမားများက မည်သို့တုံ့ပြန်သလဲဆိုသည်ကို သိရှိရန် မော်သည် ဟူနန်သို့ ထွက်ခွာသွားသည်။ ၎င်းတွင် နောက်လာမည့် အနှစ်လေးဆယ်အထိ သူ့ဘဝကို လမ်းညွှန်ပေးမည့် ဥပါဒါန်နှစ်ပါးကို သူတွေ့ရှိခဲ့လေသည်။ ယင်းဥပါဒါန်နှစ်ပါးသည် သူ့အား ကမ္ဘာ့လူဦးရေအများဆုံး

mgyoe.com

mgyoe.com



နိုင်ငံ၏ အုပ်စိုးသူ ဖြစ်လာစေပါသည်။ ပထမဉပါဒါန်မှာ တရုတ်ပြည်၏ သန်း ၄၀၀ သော တောင်သူလယ်သမားတို့၏ အုံဖွယ်စွမ်းအား ဖြစ်ပါသည်။ ဒုတိယဉပါဒါန်မှာ အကြမ်းဖက်မှု ဖြစ်သည်။ အာဏာရရန် အသုံးပြုနိုင်သည့် သွေးစွန်းသော အကြမ်းဖက်မှု၊ အကြောင်းနာတရားမဲ့သော အကြမ်းဖက်မှုပင်တည်း။ ယင်းမှတစ်ဆင့် ရလာသည့်အာဏာကို ကောင်းကျိုးအတွက် ကိုင်စွဲထားမည်ဖြစ်ပေသည်။

ဟူနန်သို့ ရောက်သွားသည့်အခါ တောင်သူလယ်သမားများက ပြည်နယ်တစ်ခုလုံးနီးပါး သိမ်းထားနိုင်သည်ကို မြင်ရ၍ မော်သည် အံ့အားသင့်နေမိ၏။ မျိုးချစ်တပ်မတော်သည် လယ်ပိုင်ရှင်များကို ထောက်ခံသော ဒေသခံ စစ်ခေါင်းဆောင်များကို ချေမှုန်းခဲ့၏။ သူတို့တပ်အောင်ပွဲကြောင့် လယ်သမားများသည် သူတို့၏ဘဝကို လွှမ်းမိုးခဲ့သူများကို လွတ်လပ်စွာ ပြန်လည်တိုက်ခိုက်နိုင်ခဲ့ပါ၏။

လယ်သမား နှစ်သန်းခန့်က ဒေသခံအစည်းအရုံးများကို ဖွဲ့စည်းကာ ဟူနန်တွင် အကြမ်းဖက်မှုကို စတင်လေသည်။ 'မြေပိုင်သူသည် အာဏာရှင်ဖြစ်သည်' ဟူသော ကြွေးကြော်သံဖြင့် လှုပ်ရှားကြသည်။ ဆူပူသောင်းကျန်းနေသော လူအုပ်ကြီးက မြေပိုင်ရှင်များကို ဖမ်းဆီးကာ ဒဏ်ပေးသည့်အနေဖြင့် ကတော့ပုံဦးထုပ်ကို အတင်းအကျပ် ဆောင်းပေးကြကာ သူတို့ကို ဇက်ကြိုးများဆွဲ၍ လမ်းမများပေါ်တွင် မြင်သာအောင် လျှောက်ခိုင်းကြသည်။ တောင်သူလယ်သမားများသည် လုံရှည်ကြီးများကို ဆွဲလျက် ကြီးမားသော လယ်တောများသို့ ဝင်ရောက်ကြကာ ဝက်များကို သတ်ဖြတ်ခြင်း၊ ကောက်နှံများသိမ်းယူခြင်းတို့ကို ပြုလုပ်ကြလေသည်။

တစ်နိုင်ငံလုံးကို အသွင်ပြောင်းပစ်ရန် အင်အားအလုံအလောက် ရှိနေပြီဟု ဤနေရာတွင် မော်တွက်ဆမိလေသည်။ တရုတ်လယ်သမားတို့နှင့် မဟာမိတ်ဖြစ်သူ မည်သူမဆို နိုင်ငံကို ထိန်းချုပ်နိုင်ကြပေလိမ့်မည်။

လယ်သမားများ လွန်လွန်ကျူးကျူး ဖြစ်ကုန်ကြမည်ကို မျိုးချစ်

mgyoe.com

mgyoe.com



ပါတီများနှင့် မော်၏ ကွန်မြူနစ်မိတ်ဆွေများက စိုးရိမ်လျက်ရှိကြသည်။ သို့ရာတွင် မော်သည် သူတို့၏ သတိပေးမှုကို ဘေးချိတ်ထားလိုက်သည်။ 'တော်လှန်ရေးဆိုတာ လူတွေကို ညစာဖိတ်ကျွေးတာမဟုတ်ဘူး၊ လယ်သမားတွေဟာ အလွန်ကြီးမားတဲ့ အင်အားကိုမသုံးရင် သူတို့အနေနဲ့ ခိုင်ခိုင်မာမာ အမြစ်တွယ်နေတဲ့ မြေရှင်တွေရဲ့ ပါဝါကို ဖယ်ရှားဖို့ မဖြစ်နိုင်လောက်ဘူး' ဟု မော်က အလေးအနက် ဆိုသည်။ မြေရှင်များကို သုတ်သင်ပစ်ခြင်းသည် ကောင်းမွန်ကြောင်း ခရိုင်တစ်ခုစီတွင် အနည်းဆုံး မြေရှင်တစ်ဦး သို့မဟုတ် နှစ်ဦးကို ကွပ်မျက်ပစ်ရမည်ဟု မော်က ပြောဆိုသည်။

ထိုကွပ်မျက်မှုများသည် မော်အတွက် ကောင်းချင်ကောင်းနိုင်သော်လည်း တရုတ်သူဌေးများနှင့် နိုင်ငံခြားစောင့်ကြည့်ရေးသမားများကမူ ထိတ်လန့်တုန်လှုပ်နေလေသည်။ သူတို့အတွက်မူ မြောက်ပိုင်းခရီးစဉ် အောင်မြင်မှုသည် တရုတ်၌ ကွန်မြူနစ်တို့ လွတ်လွတ်လပ်လပ် အုပ်စိုးနိုင်အောင် လုပ်ပေးနေသကဲ့သို့ ထင်မှတ်ရလေသည်။ 'ဘော်ရှီဗစ်တစ္ဆေ' ဟုခေါ်သော ကွန်မြူနစ်ဝါဒသည် တစ်နိုင်ငံလုံးကို ဝါးမျိုနေပုံရသည်။ 'ငါတို့အားလုံး ငါတို့ရဲ့ အခိုင်းအစေတွေက သတ်ဖြတ်ကြတော့မယ်' ဟု တရုတ်တွင်နေသော အမေရိကန်နိုင်ငံသားက စိုးရိမ်တကြီး ပြောရှာသည်။

၁၉၂၇ ခုနှစ် အစပိုင်းလောက်တွင် ကွန်မြူနစ်များကို ဟန့်တားရတော့မည်ဟု တရုတ်စီးပွားရေးသမားများ၊ နိုင်ငံခြားကုန်သည်များနှင့် အနောက်နိုင်ငံသံတမန်များက တညီတညွတ်တည်း ကောက်ချက် ချခဲ့ကြ၏။

မကြာခင် သူတို့သည် ကွန်မြူနစ်များကို ဟန့်တားပေးမည့် လူတစ်ယောက်ကို ရှာတွေ့ခဲ့ကြလေသည်။

*

mgyoe.com

mgyoe.com

# အခန်း (၅)
# မြေအောက်တော်လှန်ရေး


၁၉၂၇ တွင် မျိုးချစ်ပါတီသည် ခေါင်းဆောင်သစ်တစ်ဦး ရလာသည်။ ထိုခေါင်းဆောင်သစ်သည် ကွန်မြူနစ်များကို ဒုက္ခပေးနိုင်သူ ဖြစ်သည်။ ဆွန်ယက်ဆင် ကွယ်လွန်သွားပြီဖြစ်ရာ သူ့နေရာတွင် ချန်ကေရှိတ် အစားဝင်လာသည်။ ချန်ကေရှိတ်သည် ပါးပါးနပ်နပ်ရှိသော ဗိုလ်ချုပ်ကြီး ဖြစ်လေသည်။ ချန်သည် အာဏာကို တပ်မက်သူဖြစ်သည်။ သူသည် သူ၏ ကွန်မြူနစ် မဟာမိတ်များကို မယုံပေ။ ထို့အပြင် သူသည် သစ္စာရှိ စစ်သည် ၁၀၀,၀၀၀ နီးပါးကို ကွပ်ကဲရသူဖြစ်သည်။

နွေဦးတွင် ရှန်ဟိုင်းမှ စီးပွားရေးသမားတစ်စုက အမေရိကန် ဒေါ်လာ သုံးသန်းနှင့်ညီမျှသောငွေဖြင့် ချန်ကေရှိတ်ထံ ချဉ်းကပ်ကြလေသည်။ နောက်ထပ်လည်း ငွေများကို ထပ်ပေးပါဦးမည်ဟု ပြောကြားသည်။ ချန် လုပ်ပေးရမည့်ကိစ္စမှာ ကွန်မြူနစ်များကို ရှင်းပစ်ပေးရန်ပင်တည်း။

ချန်သည် လျင်မြန်စွာ ထိုးစစ်ဆင်လေတော့သည်။ သူ့လူများသည် မေလတွင် ကွန်မြူနစ်များ ခြေကုပ်ယူထားသည် ဟူနန်၊ ဟူဘေနှင့် ကျန်ဇီ တို့ကို သိမ်းယူနိုင်ခဲ့သည်။ ပြင်ဆင်မှုမကောင်းသော ကွန်မြူနစ်တပ်ဖွဲ့

mgyoe.com

mgyoe.com

ကွန်မြူနစ်ဆန့်ကျင်သူများကို ဗိုလ်ချုပ်ကြီးချန်ကေရှိတ်က
ကွပ်မျက်ပြီး ကွမ်ကျိုးမြို့ လမ်းပေါ်သို့ ပစ်ထားစဉ်

များသည် သီတင်းပတ်အနည်းငယ်အတွင်း စီးနင်းခံကြရသည်။ မြေရှင်များသည် လွန်ခဲ့သောနှစ်က မိမိတို့ကို ညှဉ်းပန်းနှိပ်စက်ခဲ့သော လယ်သမားများကို လက်တုံ့ပြန်ကြသည်။ ဇွန်လလောက်တွင် ကွန်မြူနစ်ထောက်ခံသူ လူသန်းတစ်ဝက်ခန့် သေဆုံးသွားကြပြီဖြစ်သည်။

ကွန်မြူနစ်ခေါင်းဆောင်များသည် တိုင်းပြည်တစ်ဝန်း နောက်ဆုံးအချိန်အထိ ပုန်ကန်ထကြွမှုများကို ဆင်နွှဲကြသည်။ ထို့နောက် သူတို့သည် ပုန်းအောင်းနေကြ၏။ တိုင်းပြည်၏ သီးခြားနေရာတချို့တွင်သည် စစ်သားအုပ်စုအနည်းငယ်၏ လှုပ်ရှားမှုသာ ကျန်တော့လေသည်။

မော်သည် ထိုစစ်သားအုပ်စုများထဲက အုပ်စုတစ်စုကို ကွပ်ကဲနေသည်။ သူသည် ချန်ရှားရှိ ဇနီးသည်နှင့် ကလေးသုံးဦးကို စွန့်ပစ်ခဲ့လေ

mgyoe.com

mgyoe.com


သည်။ ထို့နောက် သူသည် စစ်သား၊ လုပ်သားနှင့် လယ်သမားစသည်ဖြင့် အင်အားတစ်ထောင်ခန့်သာရှိသည့် ပြိုကွဲနေသော တပ်ဖွဲ့ကို ဟူနန်နှင့် ကျန်ဇီနယ်စပ်ရှိ လူသူကင်းမဲ့သော တောင်ကြောပေါ်သို့ ခေါ်ဆောင်သွားလေသည်။ ထိုတောင်တန်းများပေါ်ရှိ ဝေးလံသော တောင်ပေါ်ရွာလေးများတွင် သူသည် နောင်တစ်ချိန် တရုတ်ပြည်ကြီးကို လွှမ်းမိုးနိုင်မည့် စစ်တပ်ကို စတင်တည်ဆောက်လေသည်။

ရုရှားဘော်ရှီဗစ်တို့၏ ဦးဆောင်မှုနောက်ကိုလိုက်သူ မော်သည် သူ့တပ်ဖွဲ့ကို တပ်နီတော်ဟု ခေါ်လေသည်။ သူ့တပ်ဖွဲ့များသည် ရိက္ခာများ ရရှိရန် ဒေသခံမြေရှင်များနှင့် ကုန်သည်များကို စီးနင်းတိုက်ခိုက်ကြသည်။ သူတို့သည် ဘိန်းစိုက်ခင်းများကို သိမ်းယူ၍ ဘိန်းသီးများကို ရောင်းချသည်။ အဆင်းရဲဆုံး တောင်သူလယ်သမားများ၏ ထောက်ခံမှုကို အလွန်အမင်းတောင့်တနေသူ မော်သည် ဆင်းရဲသား လယ်သမားများကို လောလောဆယ် တိုက်ခိုက်လုယက်ခြင်း မပြုရဟု အကာအကွယ်ပေးထားသည်။

တောင်တန်းများပေါ်တွင် မော်သည် လာတော့မည့်ကာလများတွင် သူ အသုံးပြုမည့် စစ်ရေးဗျူဟာကို ထူထောင်လျက်ရှိသည်။ သူသည် ဟူနန်နှင့် ကျန်ဇီနယ်တို့တွင် ပစ်ပြီးပြေးဟူသော ပြောက်ကျားနည်းဖြင့် မျိုးချစ်တပ်ဖွဲ့များကို စီးနင်းတိုက်ခိုက်စေခဲ့သည်။ သူသည် သူ၏ မဟာဗျူဟာကို စကားပုံအတိုလေးလုပ်၍ သူ့တပ်ဖွဲ့များကို ဖြန့်ဝေပေးသည်။ ထိုစကားပုံတိုလေးမှာ အောက်ပါအတိုင်း ဖြစ်သည်။

ရန်သူတက်လျှင် ကိုယ်ကနောက်ဆုတ်
ရန်သူနားလျှင် ကိုယ်ကတိုက်
ရန်သူပန်းသွားလျှင် ကိုယ်ကတိုက်
ရန်သူဆုတ်သွားလျှင် ကိုယ်ကလိုက်တိုက်

mgyoe.com

mgyoe.com




**မော်စီတုန်း သရုပ်ဖော်ပန်းချီကား (ဘယ်အစွန်မှ အရပ်အရှည်ဆုံးမှာ မော်စီတုန်းဖြစ်)။ မော်စီတုန်း စတင်တည်ဆောက်ခဲ့တဲ့ ကွန်မြူနစ်စနစ်အခြေတည်ရာ တရုတ်တော်လှန်ရေးတိုက်ပွဲဝင်များ ဂျင်ဂန်းတောင်သို့ ချီတက်လာစဉ်**

၁၉၂၈ ခုနှစ်လောက်တွင် မော်သည် လူ ၈၀၀၀ ရှိသော တပ်ကို ဦးဆောင်၍ လူ ၅၀၀,၀၀၀ နေထိုင်သော ဒေသကို ထိန်းချုပ်နိုင်ခဲ့လေသည်။ သို့ရာတွင် သူ၏ တိုးပွားလာနေသော တပ်သည် ကျေးလက်က ရနိုင်သူအားလုံးကို တပ်ထဲ သွတ်သွင်းခဲ့လေသည်။ ထိုစဉ်အတောအတွင်း

mgyoe.com

mgyoe.com


မျိုးချစ်တပ်ဖွဲ့များက သူတို့ကို တောက်လျှောက် တိုက်ခိုက်နေသည်။

မော်နှင့် သူ့လူများသည် ကျန်ဇီတောင်ပိုင်းနယ်သို့ ဝင်လာကြသည်။ ကျန်ဇီတောင်ပိုင်းတွင် မော်သည် ကျေးလက်၌ လွတ်လပ်စွာ လှုပ်ရှားနိုင်မည်ဖြစ်ကာ သူ့တပ်အတွက် လယ်သမားများကို စုဆောင်းနိုင်မည်ဖြစ်သည်။ သူသည် သူ၏ အခြေစိုက်စခန်းသစ်ကို လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် အသွင်ပြောင်းရန် ဆုံးဖြတ်ထားသည်။ ကွန်မြူနစ်ထိန်းချုပ်မှုအောက်က ဖြစ်လာနိုင်သည့် တရုတ်နိုင်ငံ၏ ပုံစံတူအနေအထားမျိုးဖြစ်အောင် သူ၏ အခြေစိုက်စခန်းကို အသွင်ပြောင်းလိုနေခြင်းဖြစ်သည်။

*

mgyoe.com

mgyoe.com

# အခန်း (၆)

## ကျန်ဇီက အကြောက်တရား

မော်၏ တပ်နီတော်သည် ကျန်ဇီနယ်တွင် လျင်မြန်စွာ အင်အားထူထောင်နိုင်ခဲ့လေသည်။ ၁၉၃၀ ပြည့်နှစ်၏ နှစ်လယ်လောက်တွင် စစ်သား ၄၀,၀၀၀ သည် သူ၏ ကွပ်ကဲမှုအောက်ကို ရောက်ရှိနေပြီဖြစ်သည်။ ကျန်ဇီပြည်နယ်တောင်ပိုင်းက ကျေးရွာအားလုံးကို သူ ထိန်းချုပ်ထားပြီဖြစ်သည်။ မော်ရောက်လေရာနေရာတိုင်းတွင် ဆင်းရဲသားတောင်သူတို့၏ ယုံကြည်ကိုးစားမှုကို ရရှိခဲ့ပြီး လယ်သမားတို့က သူဌေးမြေရှင်များထံမှ သိမ်းထားသောမြေများအား သူ့ကိုပေးကြသည်။ သူသည် စာတတ်မြောက်ရေးကို အားပေးသည့် အစီအစဉ်များကို စတင်ခဲ့ပြီး အမျိုးသမီးများကို ကြီးမားသော လွတ်လပ်ခွင့်များ ပေးခဲ့လေသည်။

သို့တိုင် ကျန်ဇီနယ်က မော်နှင့် ကွန်မြူနစ်များကို ချန်ကေရှိတ်နှင့် သူ၏မျိုးချစ်တပ်မတော်က ဝိုင်းထားမိသလောက် ရှိနေပြီဖြစ်သည်။ တောင်ပေါ်ကို မော်ရောက်ရှိနေခိုက် ချန်ကေရှိတ်သည် ပေကျင်းကို သိမ်းယူကာ သူ့ကိုယ်သူ တရုတ်သမ္မတနိုင်ငံသစ်၏ ခေါင်းဆောင်အဖြစ်ကြေညာသည်။ ချန်သည် ယခုအခါ စစ်သည်တစ်သန်းကျော်ကို ကွပ်ကဲရသူဖြစ်နေပြီး တပ်နီတော်ကို စဉ်ဆက်မပြတ် တိုက်ခိုက်နေအောင် ညွှန်ကြား

mgyoe.com



ချန်ကေရှိတ်ဦးဆောင်တဲ့ တပ်မတော်က မော်စီတုန်းသိမ်းယူထားရာ ကျန်ဖီစီရင်စုသို့ ဝိုင်းရံထားစဉ် (၁၉၂၉)

နေသူ ဖြစ်လေသည်။ မော်၏ဦးခေါင်းကို ယူပေးနိုင်သူအား ကြီးမားသော ဆုလာဘ်ကို ပေးမည်ဟု ကြေညာထားလေသည်။

မျိုးချစ်တို့၏ ဝန်းရံခြင်းခံထားရသော အနေအထားတွင် မော်သည် တရုတ်ကွန်မြူနစ်ပါတီကို အန္တရာယ်များသော အနေအထားသို့ ရောက်စေမည့် မဟာဗျူဟာကို ချမှတ်လေသည်။ သူသည် မိမိပါတီကို ရက်ရက်စက်စက် ပြန်တိုက်လေသည်။ ပါတီအပေါ် သစ္စာရှိနေအောင် ပါတီဝင်များကို ထိတ်လန့်အောင် လုပ်ခြင်းပင်တည်း။ ၁၉၃၀ ဖေဖော်ဝါရီလတွင် ပါတီသည် တန်ပြန်တော်လှန်ရေးသမားများနှင့် ပြည့်နှက်နေကြောင်း သူက ကြေညာခဲ့လေသည်။ ပါတီတွင်း၌ ပါတီ၏ တော်လှန်ရေးပန်းတိုင်များကို ဆန့်ကျင်သူများရှိနေကြောင်း ပြောကြားလေသည်။ ပါတီကို ဆန့်ကျင်သူများအား သုတ်သင်ပစ်ရမည်ဟု မော်က ပြောသည်။

mgyoe.com